# တပါတီလုံးသို့ ဆော်ဩချက်
# (စက်တင်ဘာ၊ ၂၀၀၉)

(၁) ၂၀၀၆ ခုနှစ် မတ်လက COC တွင်း ညှိနှိုင်းတဲ့ အထွေထွေအတွင်းရေးမှူးရဲ့'အတွေးအခေါ် ညှိနှိုင်းစာ' ကို ပါတီဝင်အားလုံး လေ့လာရန်နဲ့ အမြင်တွေညှိကြဖို့ အခုဖြန့်ဝေလိုက်ပါတယ်။

(၂) အမေရိကန်အိုဘားမားအစိုးရက ဗမာပြည်ဆိုင်ရာပေါ်လစီကို ပြန်လည်ထိန်းညှိလိုက်ပါပြီ။ ဒီအချိန်မှာ မိမိတို့ပါတီအတွင်းမှာ အတွေးအခေါ် ရှင်းနေဖို့ လိုပါတယ်။

(၃) "အတွေးအခေါ်ညှိနှိုင်းစာ" မှာ ပြဿနာရဲ့ 'အစ' တွေကို ဆွဲထုတ်ပေးပြီး ဆက်လက်လေ့လာကြဖို့ပဲ ပြောထားပါတယ်။ လေ့လာတာမှာ ညီနောင်ပါတီတွေရဲ့ အာဘော်တွေကို လေ့လာရမယ်။ မာ့က်စ်ဝါဒီပညာရှင်တွေရဲ့ အဆိုအမိန့်တွေကို လေ့လာရမယ်။ နိုင်ငံတကာ့အခြေအနေကို လေ့လာရမယ်။ ကုန်ကုန်ပြောရရင် မင်းမဲ့ဝါဒီတွေရဲ့ အာဘော်တွေကိုပါ လေ့လာရမှာပါ။

လေ့လာစရာတွေ သိပ်များပါတယ်။ ပါတီအနေနဲ့ တရားဝင်ဆုံးဖြတ်ချက်ချဖို့ မလောသင့်ပါဘူး။ အချိန်အတော်ကြာကြာ ယူရပါမယ်။ မှားတတ်လို့ပါ။

၁၉၄၄ - ၁၉၄၅ တုန်းက "ဘရောက်ဒါဝါဒအမှား" ကျူးလွန်မိတာဟာ ဘက်စုံလေ့လာတာ မလုပ်ခဲ့မိလို့ပါ။ အင်္ဂလိပ် (ဗြိတိသျှ) နယ်ချဲ့စနစ်က ကမ္ဘာ့နံပါတ်ဝမ်းဘဝက လျှောကျနေတာကိုပဲ တွေ့တယ်။ ဆိုဗီယက်ဆိုရှယ်လစ်က အောင်ပွဲတွေရနေတာကိုပဲ တွေ့တယ်။ နိုင်ငံတကာ့အရင်းရှင်စနစ်က 'စစ်အေးခေတ်' ဖန်တီးတော့မှာကို မတွေ့ဘူး။ ကမ္ဘာ့နံပါတ်ဝမ်းက အမေရိကန်ဖြစ်လာတော့မယ်ဆိုတာကို မတွေ့ဘူး။ အောင်မြင်မှုနဲ့ ယစ်မူးနေခဲ့လို့ မှားခဲ့တာပဲ။ မှားတဲ့ကာလက မကြာပါဘူး။ လတချို့ပဲ ကြာတယ်။ ဒါပေမဲ့ အကျိုးဆက်ကတော့ သိပ်ကြီးမားကျယ်ပြန့်ပါတယ်။

အခုဖြစ်ပေါ်နေတာက ၁၉၄၅ ကမ္ဘာစစ်ပြီးစအချိန်တုန်းကထက် အများကြီးပိုပြီးရှုပ်ထွေးပါတယ်။ (ဂလိုဘယ်လိုက်ဇေးရှင်း) တကမ္ဘာလုံးကို အရင်းရှင်ဝါဒက လွှမ်းပတ်နေချိန်မှာ ဖြစ်တာပါ။ 'အရင်းရှင်စနစ်ကျဆုံးပါစေ' လို့ နိုင်ငံတကာ့ကွန်မြူနစ်တွေက မကြွေးကြော်ပေမယ့် မင်းမဲ့ဝါဒီတွေက ကြွေးကြော်နေချိန် ဖြစ်ပါတယ်။ အမေရိကန်အရင်းရှင်စနစ်က ကမ္ဘာ့နံပါတ်ဝမ်းနေရာက ဆန္ဒအလျောက် ဆင်းပေးမှာ မဟုတ်ပါဘူး။ ကမ္ဘာ့စနစ်သစ်လွန်ပွဲကလည်း ပိုပြီးကြီးမားကျယ်ပြန့်လာပါလိမ့်မယ်။

နိုင်ငံတကာ့အခြေအနေကို အင်အားကြီးတွေကပဲ ဖန်တီးနိုင်တာပါ။ နိုင်ငံကြီးတွေရဲ့ ဆန့်ကျင်ဘက်ဖြစ်မှုကိုပဲ မြင်နေပြီး ပူးပေါင်းမှုကို မမြင်ပြန်ရင်လည်း မှားတတ်ပါတယ်။ အတိုချုပ်ပြောရရင် လေ့လာတာ ဘက်စုံပါစေ။ ဆုံးဖြတ်တာ မလောပါနဲ့။ လေ့လာတာကို ဇောက်ချလုပ်ပါ။ ငြင်းခုံတာကို အလျင်စလို မလုပ်ပါနဲ့လို့ ဆော်ဩချင်ပါတယ်။

ပါတီဗဟိုဌာနချုပ်
ဗမာပြည်ကွန်မြူနစ်ပါတီ

# အတွေးအခေါ်ရေးရာ

မာ့က်စ်ဝါဒဟာ တရားသေမဟုတ်ဘူးဆိုတာက ကျွန်တော်တို့ ပြောနေကျစကားပါ။ ဒါ ပေမဲ့ ဘယ်ဟာက တရားသေလဲ၊ ဘယ်ဟာက မာ့က်စ်ဝါဒဘဏ္ဍာတိုက်ကို ဖြည့်ဆည်းမှုလဲဆိုတာကျတော့ ခွဲခြမ်းရခက်ပါတယ်။ မှားတတ်ပါတယ်။

မာ့က်စ်နဲ့အိန်ဂျယ်တို့ 'တရားမျှတမှုအဖွဲ့' ရဲ့ တာဝန်ပေးချက်နဲ့ရေးတဲ့ ကွန်မြူနစ်ကြေညာစာတမ်းထဲက တင်ပြချက်တွေကိုပဲ ကြည့်ပါ။ လူတန်းစားတိုက်ပွဲနဲ့ပတ်သက်တဲ့ အဆိုအမိန့်တွေဟာ အခုထိ မှန်ကန်ဆဲပဲ။ အဲဒါကို 'တရားသေ' ဆိုပြီး ပစ်ပယ်လိုက်ရင် မှားပါလိမ့်မယ်။

"ပစ္စည်းမဲ့မှာ ဆုံးရှုံးစရာနှောင်ကြိုးပဲ ရှိတယ်" အဆိုအမိန့်ကျတော့ အခုခေတ်မှာ အသေကိုင်ထားလို့ မရပြန်ဘူး။ ပစ္စည်းမဲ့မှာ၊ ပစ္စည်းမဲ့ပါတီမှာ ဆုံးရှုံးစရာတွေ အများကြီးပဲ။ ဆိုဗီယက်ပါတီ ဆုံးရှုံးခဲ့တာတွေ စာရင်းချကြည့်ပါ။ ကျွန်တော်တို့လို ယူ/ဂျီ ပါတီမှာတောင် ဆုံးရှုံးစရာ ရှိတယ်။ အမျိုးသားလွတ်လပ်ရေး ဆုံးရှုံးမှာကို ဆိုလိုတာ ဖြစ်တယ်။ ၁၈၄၈ တုန်းက နယ်ချဲ့စနစ် ကိုလိုနီဝါဒ မပီပြင်သေးဘူး။ ဥရောပဗဟိုပြုနေချိန် ဖြစ်တယ်။ အဲဒီတုန်းက မာ့က်စ်အိန်ဂျယ်တို့ရဲ့ ကမ္ဘာ့ပစ္စည်းမဲ့တော်လှန်ရေး (WR) အမြင်ကလည်း ရှေ့တန်းရောက် တိုင်းပြည်တွေဖြစ်တဲ့ ပြင်သစ်၊ ဂျာမဏီ၊ အင်္ဂလိပ်နဲ့ အမေရိကန်ပစ္စည်းမဲ့တွေက တော်လှန်ရေးတပြိုင်တည်း ဆင်နွှဲကြဖို့ ဖြစ်တယ်။ အဲဒီတုန်းက အခြေအနေရယ်၊ အဲဒီတုန်းက (WR) အမြင်ရယ်နဲ့ဆိုရင် ပစ္စည်းမဲ့မှာ ဆုံးရှုံးစရာမရှိဘူးလို့ပြောတာလည်း မှန်တာပဲ။ အခုကျတော့ အဲဒီ အဆိုအမိန့်ကို တရားသေယူလို့ မရဘူး။ အခြေအနေနဲ့ WR အမြင်ပြောင်းသွားပြီ။

မာ့က်စ်အိန်ဂျယ်တို့ရဲ့ WR အမြင်ကို ပြုပြင်ပစ်လိုက်တာ လီနင်ပဲ။ ရှေ့တန်းရောက်တိုင်းပြည်တွေက ပစ္စည်းမဲ့တွေ တပြိုင်တည်း ကမ္ဘာ့တော်လှန်ရေးလုပ်ဖို့ စောင့်နေစရာ မလိုဘူး။ အခြေအနေပေးလာရင် နောက်ကျတဲ့တိုင်းပြည်က ပစ္စည်းမဲ့က တော်လှန်ရေး လုပ်နိုင်တယ်။ အားလုံး တပြိုင်တည်း လုပ်စရာလည်း မလိုဘူး။ လုပ်နိုင်တဲ့ တိုင်းပြည်က စလုပ်၊ နောက်မှ တခြားတိုင်းပြည်တွေ တော်လှန်ရေးလုပ်နိုင်အောင် တွန်းဆော်ပေးဖို့ပဲ။ ဒါဟာ WR အမြင်မှာ သူက ဖောက်ထွက်လိုက်တာပဲ။ မာ့က်စ်ဝါဒကို ပြုပြင်လိုက်တာပဲ။ မာ့က်စ်နဲ့လီနင် ခေတ်ချင်း သိပ်မကွာပါဘူး။ နှစ်ပေါင်း ၃၀ - ၄၀ ပဲ ရှိတယ်။

လီနင်က ဘာကြောင့်ပြုပြင်နိုင်သလဲ။ အခြေအနေချင်း မတူလို့ဘဲ။ ကမ္ဘာစစ်ကြီး ဖြစ်နေလို့ပဲ။ ကမ္ဘာစစ်နဲ့ပတ်သက်တဲ့ လီနင်ရဲ့ ရေးသားချက်တွေကို လေ့လာသင့်တယ်။ အခု အဲဒါကိုရေးရင် ဘေးရောက်သွားလိမ့်မယ်။ အတိုချုပ်အားဖြင့်ဆိုရင် စစ်ဟာ လူတွေရဲ့ အတွေးအခေါ်ကို အကြီးအကျယ် ပြောင်းလဲစေတဲ့၊ စေစားနိုင်တဲ့၊ အမိန့်ပေးနိုင်စွမ်းရှိတဲ့ သံစုံတီးဝိုင်း ခေါင်းဆောင်ကြီးနဲ့ တူတယ်လို့ ဆိုတယ်။ အောက်တိုဘာတော်လှန်ရေးရဲ့ ကြွေးကြော်သံတွေ ကြည့်ပါ။ 'ပေါင်မုံ့ပေးပါ' တဲ့။ အဲဒါက စစ်ကြောင့် အငတ်ဘေးကျနေသူ အောက်ခြေ လူတန်းစားတွေအတွက် ကြွေးကြော်သံပဲ။ "မြေယာပေးပါ" တဲ့။ အဲဒါက စစ်ထဲဆွဲသွင်းခံရတဲ့ တောင်သူလယ်သမားအတွက် ကြွေးကြော်သံပဲ။ နောက်ဆုံးကြွေးကြော်သံက "ငြိမ်းချမ်းရေးပေးပါ"။ ဒါ က လူတန်းစားအားလုံးအတွက်ပဲ။ ပစ္စည်းမဲ့လူတန်းစားက အာဏာကိုပဲယူဖို့ ဖြစ်နေတယ်။

ဒီအောက်တိုဘာတော်လှန်ရေးရဲ့ ကြွေးကြော်သံ ၃ ရပ်နဲ့ ပဲရစ်ဘုံအဖွဲ့တော်လှန်ရေး ကြွေးကြော်သံတွေကို နှိုင်းယှဉ်ကြည့်ကြ စေလိုတယ်။ တော်လှန်ရေးအနုပညာကို ထင်ထင်ရှားရှား တွေ့နိုင်တယ်။ လေ့လာနိုင်တယ်။ ပထမကမ္ဘာစစ်သာ မဖြစ်ရင် အောက်တိုဘာ တော်လှန်ရေးဖြစ်ဖို့ မရှိပါဘူး။

တဆက်တည်း တင်ပြချင်တာက နယ်ချဲ့ချင်းဖြစ်တဲ့စစ်ပွဲ ဒီခေတ်မှာ ဖြစ်နိုင်သလားဆိုတာပဲ။ နယ်ချဲ့ချင်းဖြစ်တဲ့စစ် ၁၉၁၄ ကနေ ၁၉၄၅ အထိ နှစ် '၃၀' အတွင်းမှာ ၂ ခါ ဖြစ်ခဲ့တယ်။ တော်လှန်ရေးတွေ ပေါက်ကွဲခဲ့တယ်။ အောင်ပွဲခံခဲ့တယ်။

၁၉၄၅ ကနေ အခု ၂၀၀၉ အထိ နှစ် ၆၀ မှာ နယ်ချဲ့ချင်းဖြစ်တဲ့ ကမ္ဘာစစ် မဖြစ်ဘူး။ နယ်ချဲ့ကို တွန်းလှန်ရတဲ့ စစ်ကလေးတွေတော့ ဖြစ်ခဲ့တယ်။ အခုထိလည်း ဖြစ်နေဆဲပဲ။ အီရတ်မှာ ဖြစ်နေတယ်။ အာဖဂန်စစ် ဖြစ်နေတယ်။ ဘယ်နေရာမှာမဆို ဖြစ်နိုင်တာချည်းပဲ။ အင်အားကြီးထိပ်သီးချင်းတော့ မဖြစ်ဘူး။

ရှေ့မှာ ဘယ်လိုဖြစ်လာနိုင်သလဲ။ ဘယ်လိုတော်လှန်ရေးမျိုးတွေ ပေါက်ကွဲမလဲ။ ဒါတွေဟာ စဉ်းစားစရာတွေပါ။ အခြေအနေ ပြောင်းရင် အတွေးအခေါ်လိုက်ပြောင်းရပါမယ်။ လှေကြီးထိုး လုပ်နေလို့ မရပါဘူး။ အခြေအနေကို အမှန်အတိုင်း အကဲဖြတ်တတ်ဖို့နဲ့ တော်လှန်ရေးကို အနုပညာမြောက်စွာ လုပ်တတ်ဖို့ ကျွန်တော်တို့ သင်ကြားရပါဦးမယ်။ ရောယိမ်းလိုက် ဘသားယိမ်းလိုက် အတွေးအခေါ်နဲ့ တော်လှန်ရေးလုပ်မိရင် ရှုံးနိမ့်ပါလိမ့်မယ်။

နောက်ပြီး လေ့လာဖို့က နယ်ချဲ့စနစ်ဟောင်းနဲ့ နယ်ချဲ့စနစ်အသစ်အကြောင်း။ ဒါကို နည်းနည်းပဲ တင်ပြချင်ပါတယ်။ ဟိုတုန်းက နယ်မြေတခုကို သိမ်းမိရင် လက်မလွှတ်ပါဘူး။ ဘုရင်ခံထားပြီး အုပ်ချုပ်ပါတယ်။ သယံဇာတ ထုတ်ယူပါတယ်။ အခုတော့ သိမ်းမိရင် သံအမတ်ကို ဘုရင်ခံလို လုပ်ခိုင်းတယ်။ သယံဇာတကို ကန်ထရိုက်ပေးပြီး ထုတ်ယူတယ်။ ရွေးကောက်ပွဲ လုပ်ပေးတယ်။ သူ့စစ်တပ်ကို ရေရှည်ချထားဖို့ စာချုပ်တယ်။ ဒီလိုပဲ တွေ့နေပါတယ်။ အခုလို လုပ်နိုင်တာကလည်း သူက ကမ္ဘာ့နံပါတ်ဝမ်းကြီး ဖြစ်နေလို့ပါ။ ပြိုင်နိုင်သူ မရှိပါဘူး။ သူက ကုလသမဂ္ဂကို လိုရင်သုံးမယ်။ မလိုရင် ဘေးဖယ်ပြီး ထင်ရာစိုင်းတယ်။ ဒီလိုလုပ်လို့လည်း ဟိုတုန်းက အီတလီ၊ ဂျပန်ကို ကမ္ဘာ့အဖွဲ့အစည်းကြီးက ထုတ်ပစ်သလိုမျိုး သူ့ကို ဘယ်သူကမှ မလုပ်ဝံ့ပါဘူး။ အတိုချုပ်ပြီး ပြောရလို့ မပြည့်စုံပါဘူး။ အကြမ်းထည် ကျလွန်းပါတယ်။ လေ့လာကြဖို့ပါ။

အင်အားကြီးတွေ အချင်းချင်းရဲ့ ဆက်ဆံရေးကလည်း ဟိုတုန်းကနဲ့ မတူပါဘူး။ ၁၇ ရာစု၊ ၁၈ ရာစု၊ ၁၉ ရာစုက ကမ္ဘာကို ခွဲဝေယူဖို့ နယ်ချဲ့ပွဲတော်ကြီး လုပ်တုန်းက နိုင်ငံပေါင်းစုံ ကမ္ဘာ့အဖွဲ့ကြီးဆိုတာ မရှိပါဘူး။ ခရစ်ယာန်သာသနာပိုင်ကပဲ မျက်မှန်းနဲ့ ဘယ်သူက ဘယ်နေရာကို 'သိမ်းယူကြစေ' လို့ အမိန့်ပေးခဲ့တာပါ။ ဒါကလည်း လေ့လာစရာပါ။ လေ့လာစရာတွေ များပါတယ်။ တကြောင်းတိုက်စဉ်းစားပြီး တော်လှန်ရေးလုပ်လို့ မရပါဘူး။

နောက်ပြီးတော့ "ပစ္စည်းမဲ့မှာ အဖနိုင်ငံမရှိဘူး" ဆိုတဲ့ အဆိုအမိန့်ကိုကော တရားသေယူလို့ ရဦးမလား။ မရဘူးထင်တယ်။ မျက်မှောက်အခြေအနေနဲ့ ကိုက်ညီရဲ့လားဆိုတာကို စဉ်းစားရမှာ ဖြစ်တယ်။ ၁၉၁၄ ခုနှစ်မှာ ပထမကမ္ဘာစစ်ဖြစ်တော့ ဆိုရှယ်ဒီမိုကရက် ပါတီတွေ ဝရုန်းသုန်းကား ဖြစ်ကုန်တယ်။ အင်္ဂလိပ်ပစ္စည်းမဲ့က အင်္ဂလန်ကို အဖတိုင်းပြည်အဖြစ် သတ်မှတ်ပြီး အသက်ပေးကာကွယ်မယ်လို့ ကြွေးကြော်သလို ဂျာမဏီပစ္စည်းမဲ့၊ ပြင်သစ်ပစ္စည်းမဲ့ စတာတွေကလည်း အဖနိုင်ငံကာကွယ်ရေးတွေပဲ လုပ်ကြတော့ အချင်းချင်း ထတိုက်ကုန်ကြတယ်။ တလောကမှ ဖတ်လိုက်ရတဲ့စာစောင်တခုမှာ ရုရှားဆိုရှယ်ဒီမိုကရက်ပါတီ ခေါင်းဆောင်ကြီး ပလက်ခနော့က ရုရှားအဖနိုင်ငံတော်အတွက်ဆိုရင် သူကိုယ်တိုင် ဂျာမန်ဆိုရှယ်ဒီမိုကရက်ပစ္စည်းမဲ့ကို လှံစွပ်နဲ့ ထိုးသတ်မှာပဲလို့ ပြောခဲ့သတဲ့။ ဟုတ်မဟုတ်တော့ မသိဘူး။ အဲဒါမျိုး အရင်က မဖတ်ဖူးဘူး။ ဒါပေမဲ့ ဖြစ်နိုင်တာပဲ။ သူ့အတွေးအခေါ်က ရုရှားအဖနိုင်ငံကာကွယ်ရေးပဲ ဖြစ်နေတာပါ။ (ကျွန်တော်တို့ဗမာက အမိတိုင်းပြည်လို့ပဲ သုံးတယ်။ တရုတ်က ဘိုးဘွားနိုင်ငံလို့ ခေါ်တယ်ထင်တယ်။)

ဒုတိယကမ္ဘာစစ်ဖြစ်တော့ CPSU က 'မဟာမျိုးချစ်စစ်ပွဲကြီး' ဆိုပြီး တိုက်ခဲ့တာပဲ။ ပစ္စည်းမဲ့အာဏာရှင်စနစ်ကို ကာကွယ်ကြလို့ ပြောပြီးတိုက်တာ မဟုတ်ဘူး။ ရုရှားအဖနိုင်ငံတော်ကို ကာကွယ်ဖို့ တိုက်တာဖြစ်တယ်။ ဒါကျတော့ မှန်ပြန်တယ်။ ဖက်ဆစ်ကျူးကျော်မှုကို တိုက်ရတာကိုး။

ပြောချင်တာက အခိုင်အမာအခြေအနေကို အခိုင်အမာခွဲခြမ်းစိတ်ဖြာပြီး လုပ်ကြမှ အမှန်တရား ဖြစ်မှာပဲ။ မာ့က်စ်တို့ တွက်ခဲ့သလို WR မှ ဖြစ်မလာတာပဲ။ အခုဆိုရင် အဲဒီရှေ့တန်းရောက်နိုင်ငံကြီးတချို့မှာ ကွန်မြူနစ်ပါတီတောင် မရှိတော့ဘူး။ ကွန်မြူနစ်အစုအဖွဲ့ ကလေးတွေပဲ ရှိနေတယ်။ WR ကို သူတို့ ဘယ်လိုခေါင်းဆောင်နိုင်မလဲ။ (စကားချပ်။ ဟိုတုန်းက ထုံးစံအရ ဗကပ ထုတ်သမျှ စာစောင်စာတမ်းတွေကို ဗြိတိသျှကွန်မြူနစ်ပါတီကို တမူပို့ပြီး သိမ်းထားလေ့ ရှိတယ်။ ဟိုတလောက သိမ်းထားတဲ့ မူရင်းစာစောင်တွေရချင်လို့ ဆက်သွယ်ကြည့်တော့ သူတို့ပါတီ ကစင့်ကရဲဖြစ်သွားသလို မော်ကွန်းတိုက်လည်း ကစင့်ကရဲဖြစ်သွားတယ်လို့ ပြောတယ်။)

နောက်စဉ်းစားစရာတခုက 'စတုတ္ထအင်တာနေရှင်နယ်' ဖွဲ့ဖို့ အခြေအနေရင့်မှည့်နေရဲ့လား ဆိုတာပဲ။ အမေရိကန်အပါအဝင် တချို့နိုင်ငံတွေမှာရှိတဲ့ အစုအဖွဲ့ကလေးတွေက 'စတုတ္ထအင်တာနေရှင်နယ်' ဖွဲ့ရေး ပြောနေကြတယ်။ ဒါဟာ ဆန္ဒစောစိတ်ကူးယဉ်တာပဲလို့ ထင်တယ်။ သခင်စိုးလည်း ၁၉၄၆/၄၇ ကတည်းက အဲဒီလို စိတ်ကူးယဉ်ခဲ့ဖူးတာပဲ။ ဒါပေမဲ့ နောက်ဆုံးတော့ 'စတုတ္ထအင်တာနေရှင်နယ် ခေါင်းဆောင်ကြီး' နေဝင်းကို ခယဝပ်တွားပြီး ဇာတ်သိမ်းသွားတာပဲ။

'စတုတ္ထအင်တာနေရှင်နယ်' ဖွဲ့ဖို့ အခြေအနေမရှိသေးဘူးလို့ မြင်ပါတယ်။ ဖွဲ့ဖို့စဉ်းစားတာဟာ မှားပါတယ်။ 'တတိယ အင်တာနေရှင်နယ်' ကို ဖျက်သိမ်းတာ ၁၉၄၃ ခုနှစ်ကပါ။ အခုဆိုရင် နှစ်ပေါင်း ၆၀ ကျော်ပါပြီ။ ဘယ်ပါတီကမှ အင်တာနေရှင်နယ်ထူထောင်ဖို့ မပြောကြပါဘူး။ ကွန်မြူနစ်ပါတီတွေ အများကြီးပါတဲ့အစည်းအဝေး မလုပ်တာတောင် ကြာပါပြီ။ ပါတီတခုရဲ့ ကွန်ဂရက်မှာ သွားတက်ကြရင်း ဆုံမိကြရင်လည်း ကိုယ့်တိုင်းရေးပြည်ရေးကိုပဲ ပြောပါတယ်။ လေးလေးပင်ပင် မပြောပါဘူး။ ၂ ပါတီဆက်ဆံရေးပဲ လိုအပ်ရင် လုပ်ကြပါတယ်။ အဲဒီလိုလုပ်ရင်လည်း ပါတီချင်းဆက်ဆံရေးမူ '၄' ချက် (လွတ်လပ် - တန်းတူ - အပြန်အလှန်လေးစား - တဦးအတွင်းရေး တဦးဝင်မစွက်ဆိုတဲ့ မူ '၄' ချက်) နဲ့ပဲ ဆက်ဆံပါတယ်။

အင်တာနေရှင်နယ်ဖွဲ့တယ်ဆိုတာ ရပ်တည်ချက်၊ အမြင်၊ လုပ်ငန်းစဉ်လမ်းစဉ် တညီတညွတ်တည်း ရှိကြမှ၊ ဘုံရန်သူရှိကြမှ ဖွဲ့လို့ကောင်းတာပါ။ အခု အဲဒီဟာတွေ မရှိပါဘူး။ ကိုယ့်လမ်းကိုယ်သွား၊ ကိုယ်ဖြစ်ကိုယ်ခံ၊ ကိုယ်ရကိုယ်စံ လုပ်နေကြတာ ဖြစ်ပါတယ်။ အားလုံးလက်ခံထားတဲ့ ၂၀ ရာစု မာ့က်စ်ဝါဒ ရပ်တည်ချက်အမြင်လည်း အခု မရှိပါဘူး။ မျက်မှောက်ခေတ် (present era) ကို တပါတီတမျိုး ပြောနေကြတာပါ။ တရုတ်ပြည်ကွန်မြူနစ်ပါတီ CPC က ငြိမ်းချမ်းရေးနဲ့ဖွံ့ဖြိုးရေးတို့ဟာ မျက်မှောက်ခေတ်ရဲ့ အဓိကခေါင်းစဉ် (theme) ဖြစ်တယ်တဲ့။ (theme ကို ဘယ်လို ဘာသာပြန်ရမလဲ မသိလို့ အဓိကခေါင်းစဉ်လို့ ပြန်တာပါ။) သူ့အခြေအနေနဲ့သူ ဆုံးဖြတ်တာပါ။ သူက

တည်ငြိမ်တဲ့အခြေအနေတခုကို ရေရှည်ရချင်တာ မဆန်းပါဘူး။ သဘာဝကျပါတယ်။ ဆိုရှယ်လစ်အဆင့်ရဲ့ပထမ (ရှေးဦး) အဆင့်ကို အနည်းဆုံးရာစုနှစ်တခု ယူရမယ်လို့ ပြောနေတာပါ။ ငြိမ်းချမ်းတဲ့ပတ်ဝန်းကျင်မှာမှ ဖွံ့ဖြိုးရေးကို လုပ်နိုင်တာပါ။ ငြိမ်းချမ်းတဲ့ ပတ်ဝန်းကျင် တကယ်ရှိတာ မရှိတာက တကဏ္ဍပါ ။

အိန္ဒိယကွန်မြူနစ်ပါတီ (မာ့က်စ်ဝါဒ) CPI(M) ကတော့ မျက်မှောက်ခေတ်အကဲဖြတ်ချက် အတိအကျပြောတာ မတွေ့ရသေးပါဘူး။ ဒါပေမဲ့ သုံးသပ်ချက်တော့ တွေ့ပါတယ်။ နယ်ချဲ့စနစ်က ထိုးစစ်ကို ဆက်လက်ဆင်နွှဲနေဆဲပဲလို့ သုံးသပ်ပါတယ်။ ဘုရှ် ပြန်လည် ရွေးကောက်ခံရတော့ ပိုပြီးရန်လိုလာတယ်လို့ သုံးသပ်ပါတယ်။ အဲဒါကို ကျွန်တော်သဘောတူပါတယ်။ CPI(M) က ဥပဒေတွင်း အတိုက်အခံပါတီပါ။ ကျွန်တော်တို့က အတိုက်အခံ U/G ပါတီပါ။ ဒါကြောင့် အမြင်တူတာ မဆန်းပါဘူး။ နယ်ချဲ့ဆန့်ကျင်ရေးအလံ မြင့်ိမြင့်လွှင့်နိုင်ကြပါတယ်။

ဟိုတုန်းက ဖြစ်လေ့ရှိခဲ့တာက ဒုတိယတန်းနိုင်ငံက ဝေစုများများမရလို့ ဝေစုအများကြီးရထားသူဆီက ခွဲပေးဖို့အတွက် ထိပ်သီးကိုတက်ပြီး ရန်ရှာတာပါ။ အီတလီ၊ ဂျပန်၊ ဂျာမဏီ ဖက်ဆစ်နိုင်ငံတွေဟာ ကမ္ဘာကို လွှမ်းနေတဲ့ နိုင်ငံတွေ မဟုတ်ပါဘူး။ ဒုတိယတန်းစားတွေပါ။ ထိပ်သီးတွေကို တက်ပြီးစိန်ခေါ်တာပါ။

အခုအခြေအနေက ကမ္ဘာကို တဦးတည်းလွှမ်းထားတဲ့ ထိပ်သီးအမေရိကန်က သူ့ကို စိန်ခေါ်လာမယ့် နိုင်ငံတွေကို ငြိမ်ဝပ်ပိပြားအောင် ကိုင်ချင်နေတာပါ။ ဟိုတုန်းကနဲ့ လုံးလုံးကို မတူပါဘူး။

အာဏာမဲ့ပါတီတွေက အမေရိကန်ကို ဖွင့်ချနိုင်ပါတယ်။ ကျွန်တော်တို့ဆုံးဖြတ်ချက်ကြောင့် ၂ နိုင်ငံ စစ်ဖြစ်သွားစရာ မရှိပါဘူး။ အာဏာရပါတီကတော့ ချင့်ချိန်ရပါတယ်။ အမေရိကန်ရဲ့အကွက်ထဲ အကျခံလို့ မဖြစ်ပါဘူး။ ဒါကြောင့် သူ့စဉ်းစားပုံနဲ့ သူစဉ်းစားတာကို နားလည်မှုပေးကြရမှာပါ။

ဘာပဲပြောပြော သေချာတာက ဟိုတုန်းကလို ကမ္ဘာ့ဘုံရန်သူ (ကွန်မြူနစ်ပါတီတွေအားလုံးအတွက်) မရှိပါဘူး။ ဟိုတုန်းကတော့ တတိယအင်တာနေရှင်နယ် ပါတီတွေအားလုံးမှာ 'ဘုံရန်သူ' အတိအကျရှိပါတယ်။

နိုင်ငံတကာ့တာဝန်ကိစ္စမှာလည်း ဒီလိုပါပဲ။ ကွန်မြူနစ်ဝါဒဟာ နိုင်ငံတကာ့ဝါဒပါ။ အင်တာနေရှင်နယ်ရှိရှိ မရှိရှိ နိုင်ငံတကာ့ တာဝန်ကို ထမ်းဆောင်ကြရမှာပါ။

မျက်မှောက်နိုင်ငံတကာ့တာဝန်က ဆိုရှယ်လစ်နိုင်ငံတွေကို ကိုယ့်နည်းနဲ့ကိုယ် ကာကွယ်ပေးကြရပါမယ်။ ဘုံရန်သူ နယ်ချဲ့စနစ်ကို ဆန့်ကျင်ရင်း ကာကွယ်ကြရမှာပါ။ ဗကပ ကလည်း ဗမာပြည် ပြည်ချစ်ဝါဒတာဝန်ထမ်းဆောင်ရင်း တပါတည်း နိုင်ငံတကာ့တာဝန်ကို ထမ်းဆောင်မှာ ဖြစ်ပါတယ်။